ကောင်းသန့်

# အိပ်မက်အတိုင်းသာ
# တကယ်ဖြစ်ခဲ့ရင် . . .

နှင့်

အခြားဆောင်းပါးများ



ကျွန်တော်သည် စင်္ကာပူ၊ ကမ္ဘောဒီးယား၊ မလေးရှားနိုင်ငံများ သို့ အလည်အပတ်ခရီးရောက်ခဲ့သလို၊ တရုတ်၊ ဗီယက်နမ်၊ ထိုင်း၊ တောင်ကိုရီးယားနိုင်ငံများ သို့လည်း တာဝန်ဖြင့် သွားရောက်ခဲ့ဖူးပါသည် ။

ရောက်သည့်နိုင်ငံတိုင်းသည် ကျွန်တော်တို့ ထက် အများကြီးတိုးတက်ဖွံ့ဖြိုးနေကြသည် ကို တွေ့ခဲ့ရသည် ။

တချို့က ကျွန်တော်တို့ နိုင်ငံလောက်မကြီးသည့်အပြင် သယံဇာတလည်း ကျွန်တော်တို့လို မရှိဘဲ ကျွန်တော်တို့ ထက် အများကြီးဖွံ့ဖြိုးတိုးတက်နေသည် ။

ကျွန်တော့်အမြင် မကောင်းဘူးဟု ထင်ရသော ကွန်မြူနစ်ဝါဒကို အစဉ်တစိုက်ကျင့်သုံးခဲ့သော တရုတ်နှင့်ဗီယက်နမ်တို့ လည်း အစစအရာရာ တိုးတက်နေသည် ကို မျက်ဝါးထင်ထင်မြင်ခဲ့ရ၏။

ကျွန်တော်တို့ နိုင်ငံက သယံဇာတပေါကြွယ်ဝပြီး ရေမြေသဘာဝကောင်းမွန်လှသော်လည်း အဆင်းရဲဆုံးနိုင်ငံစာရင်းဝင်ပြီး အကြွေးထူလပျစ်ဖြင့် မွဲညစ်နေသည် ကို တွေးမိတိုင်း ကြေကွဲဝမ်းနည်းရပါသည် ။

ကျွန်တော့်နိုင်ငံကို အေးချမ်းသာယာဝဖြိုးပြီး စည်ပင်တိုးတက်ကောင်းမွန်စေချင်ပါသည် ။

ဘာကြောင့်လဲဟု အဖြေရှာတိုင်း စိတ်ညစ်ရပါသည် ။ ထွက်ပေါက်ကို ရှာမတွေ့သလို ခံစားနေရသည် ။

ကျွန်တော်သည် ဗုဒ္ဓဘာသာပိပိ ကံ ကံ၏ အကျိုးကို ယုံစားပါသည် ။

မည်သူ့ကိုမျှလည်း အပြစ်မမြင် အပြစ်တင်ချင်စိတ်မရှိတော့ပါ။

ကိုယ့်ဘာသာ အိပ်မက်တွေပဲ မက်နေမိတော့၏။

ကျွန်တော့်အိပ်မက်ထဲတွင် ဖွံ့ဖြိုးတိုးတက်နေသော ရွှေပြည်တော်ကြီးကို မြင်သည် ။

လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းကောင်းမွန်သော နိုင်ငံကြီးသားများ ဖြင့် ပွင့်လင်းလူ့အဖွဲ့အစည်းများကို ဖွဲ့စည်းထားသည် ။

လူ့ဂုဏ်သိက္ခာကို အလေးထားပြီး လူ့တန်ဖိုးကို လေးစားသည့်ပညာတတ်အစိုးရအုပ်ချုပ်သော နိုင်ငံတော်သစ်ကြီးကို မြင်ရသည် ။

ဆင်းရဲ ချမ်းသာ ကွာဟချက်မကြီးမားဘဲ မြို့ပြနှင့် ကျေးလက်ပြိုင်တူ ဖွံ့ဖြိုးဝေစည်နေသော ရွှေပြည်သစ်ကြီးကို အိပ်မက်ထဲတွင် မကြာခဏ မြင်၏။

ကျွန်တော့်အိပ်မက်တွေသာ တကယ်ဖြစ်ခဲ့ရင်တော့ ရွှေနိုင်ငံသားတွေ ဘယ်လောက်ပျော်နေကြမလဲဟု တွေးပြီး ကျွန်တော် ပျော်နေမိတော့၏။

**ကောင်းသန့်**

***

# အိပ်မက်ဆိုး ၈၈ အသစ်ပြန်ဖြစ်မှာ စိုး

ဗိုလ်ချုပ်ကြီးသန်းရွှေက ရှေ့ရေးကို ကြိုမြင်၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို ရေးဆွဲအတည်ပြုပြီး ရွေးကောက်ပွဲကျင်းပပေးခဲ့သည် ။

ထိုရွေးကောက်ပွဲကို ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းမှ ချက်ချင်းအသွင်ပြောင်းခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီက ဝင်ပြိုင်သည် ။

ပြည်သူ့ဘဏ္ဍာဖြင့် ဖွဲ့စည်းထားသော ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းကြီး၏ အမွေကို ကြံ့ခိုင်ဖွံ့ရေးပါတီက အမွေဆက်ခံယူလိုက်သည် ။

အစိုးရကျောထောက်နောက်ခံပြုထားသော အင်အားကြီးပါတီ ကြံ့ခိုင်ဖွံ့ရေးသည် ရွေးကောက်ပွဲတွင် ကြိုတင်မဲများ ဖြင့် ပြိုင်ဘက်ပါတီများ ၊ ကိုယ်စားလှယ်များကို အပြတ်အသတ်အနိုင်ယူသွားခဲ့သည် ။

နေရာတချို့တွင် ညက လူပုံအလယ်တွင် မဲအရေအတွက်အရ အရှုံးပြထားခြင်းခံခဲ့ရသော ကြံ့ခိုင်ဖွံ့ဖြိုးရေးအမတ်သည် နံနက်မိုးလင်းသောအခါ ကြိုတင်မဲတွေရောက် လာပြီး အနိုင်ယူသွားခဲ့သည် ။

ပြည်သူတစ်ရပ်လုံး သိသိကြီးဖြင့် အရှုံးပေးလိုက်ရသည် ။ ဘာပဲဖြစ်ဖြစ် အရပ်သားအစိုးရအဖွဲ့ အုပ်ချုပ်ရေးဖြစ်ပေါ်လာခဲ့လျှင် စစ်အစိုးရထက် ပိုမိုကောင်းမွန်တန်ကောင်းရဲ့ ၊ ဥပဒေကို ပိုမိုလေးစားတန်

ဖိုးထား အုပ်ချုပ်တန်ကောင်းရဲ့ ဟု ဖြေသိမ့်တွေးတွေးပြီး အကောင်းမြင်စိတ်ဖြင့် လက်ခံလိုက်ကြသည် ။

လက်မခံ၍ မရ၊ စစ်ဖိနပ်အောက်မှာ ရှိနေဆဲမို့ ကြောက်ကြတာနှင့် ခေါင်းငုံ့ခံလိုက်ရခြင်း ဖြစ်လိမ့်မည်။

ထိုစဉ်က ကျွန်တော်လည်း တစ်ထောင့်တစ်နေရာက ဝင်ယှဉ်ပြိုင်ကြည့်မိသည် ။

ကျွန်တော့်မွေးရပ်ဇာတိ ဥက္ကံမြို့ကို အခြေခံ၍ တိုက်ကြီးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် တစ်သီးပုဂ္ဂလဝင်အရွေးခံဖြစ်သည် ။

မနိုင်ပါ။ အပြတ်အသတ်ရှုံးပါသည် ။ ဘာကြောင့် ရှုံးသည် ကို တစ်နိုင်ငံလုံး သိပြီးသားမို့ အကျယ်မချဲ့တော့ပါ။

စစ်အာဏာရှင်က စိတ်ကြိုက်စီမံရေးဆွဲထားသော ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရပ်သားအစိုးရ ဖွဲ့စည်းအုပ်ချုပ်သည် ။

လူမှန် နေရာမှန်ဖြစ်အောင် အကွက်ချ စီမံနေရာချသည် ။

၂၀၁၀ တွင် ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ ဖြင့် ၂၀၁၁ လွှတ်တော်ခေါ်သည် ။ အစိုးရဖွဲ့သည် ။

ယခင်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ၊ စစ်ဗိုလ်ချုပ်များ ၊ ဘောင်းဘီချွတ်၊ တိုက်ပုံဝတ်၊ ခေါင်းပေါင်း ပေါင်းရန် အစိုးရအသစ် အသွင်ပြောင်းသည် ။

ထိပ်တန်းခေါင်းဆောင်ကြီးများက ကန့်လန့်ကာနောက်သို့ ဝင်သွားသည် ။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲပြီး ဗိုလ်ချုပ်ကြီးနေဝင်းမှ ဦးနေဝင်းသို့ အာဏာလွှဲပြောင်းပေးခြင်းထက် အနည်းငယ်ပိုထူးခြားသည် ။

သို့သော် စစ်အာဏာရှင် အသွင်ပြောင်း အစိုးရဖြစ်သဖြင့် အနှစ်သာရက အတူတူပဲဖြစ်သည် ။

ဗိုလ်ချုပ်ကြီးနေဝင်းက ၁၉၆၂ ခုနှစ်တွင် နိုင်ငံတော်အာဏာကို လက်နက်ဖြင့် သိမ်းယူပြီး ၁၂ နှစ် အုပ်ချုပ်သည် ။

ဗိုလ်ချုပ်ကြီးနေဝင်းက ဦးနေဝင်အဖြစ် တိုက်ပုံဝတ်၊ ခေါင်းပေါင်းပေါင်းပြီး နောက်ထပ် ၁၄ နှစ် အုပ်ချုပ်ခဲ့သည် ။

ဗဟိုဦးစီးစနစ်အရ တပ်ပုံစံအတိုင်း အမိန့်ပေးအုပ်ချုပ်ခြင်း၊ စစ်ကိုကျွမ်းကျင်စွာတိုက်နိုင်သော စစ်ဗိုလ်များက စီးပွားရေး၊ ပညာရေးစသည့် နိုင်ငံခြားရေးရာအဖြာဖြာကို အရပ်သားကိုမယုံ၊ သူ့လူတွေသူယုံပြီးအုပ်ချုပ်ခိုင်းသည့်အခါ တစ်ချိန်တစ်ခါက ကြွယ်ဝချမ်းသာသောမြန်မာနိုင်ငံသည် အဆင်းရဲဆုံးနိုင်ငံအဖြစ်သို့ ကျရောက်သွားတော့၏။

အဘက်ဘက်မှ ဖိနှိပ်အုပ်ချုပ်ခံရပြီး ဆင်းရဲမွဲတေ ဒုက္ခပင်လယ်ဝေလာသောအခါ ပြည်သူတစ်ရပ်လုံး မခံမရပ်နိုင် အုံကြွတော်လှန်လာသောကြောင့် ၈၈ အရေးအခင်းကြီး ဖြစ်ပေါ်လာခဲ့၏။

စစ်အာဏာရှင်များ ၏ ပါးပါးနပ်နပ် ကောက်ကျစ်ခြင်း၊ သွေးခွဲအုပ်ချုပ်ခြင်း၊ စစ်ထောက်လှမ်းရေးများ ၏ နိုင်ငံရေးဖိနှိပ်မှု အတွေ့အကြုံကြွယ်ဝခြင်းတို့ ကြောင့် ၁၉၈၈ တွင် စစ်တပ်က အာဏာသိမ်းအုပ်ချုပ်နိုင်ပြန်သည် ။

စစ်တပ်က အာဏာသိမ်းအုပ်ချုပ်ခဲ့သဖြင့် တိုင်းပြည်ဆင်းရဲတွင်းန

က်ခဲ့ရသည် ကို သင်ခန်းစာမယူဘဲ ငြိမ်ဝပ်ပိပြားအောင်လုပ်နိုင်လျှင် အုပ်ချုပ်ရေး မှန်ကန်သည် ဟူသော အမြင်ဖြင့် နောက်ထပ် ၂၂ နှစ် အုပ်ချုပ်ခဲ့ပြန်သည် ။

နဂိုက တိုင်းပြည်မွဲနေသဖြင့် ယူစရာ မကျန်သောအခါ နိုင်ငံ၏ အဖိုးတန်သယံဇာတများကို ဘိုးဘွားကပေးခဲ့သော အမွေအနှစ်များ သဖွယ်ခွဲဝေရောင်းချယူငင်ကြသဖြင့်
တိုင်းပြည်ဆင်းရဲမွဲတေစုတ်ပြတ်သတ်သွား၏။

ထိုအခြေအနေဆိုးမှ လွတ်မြောက်အောင် သမ္မတကြီးဦးသိန်းစိန်အစိုးရအဖွဲ့က စွမ်းဆောင်နိုင်လိမ့်မည်ဟု ပြည်သူအများစုက ယုံကြည်ခဲ့မိ၏။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကလည်း သမ္မတကြီးနှင့်တွေ့ဆုံညှိနှိုင်းပြီး ကြားဖြတ်ရွေးကောက်ပွဲဝင်ခဲ့သည် ။

NLD က ရွေးကောက်ပွဲတွင် အပြတ်အသတ် နိုင်ပြီးသောအခါ ရခိုင်အရေး၊ ကချင်အရေး၊ မိတ္ထီလာအရေး၊ လက်ပံတောင်းတောင်အရေးအခင်းတွေ တစ်ခုပြီးတစ်ခု ဆက်တိုက်ဖြစ်လာသည် ။

ထိုအရေးအခင်းများ သည် သူ့ဘာသာသူ မတော်တဆဖြစ်တာမဟုတ်ဘဲ လူတစ်စုက နောက်ကွယ်က ကြိုးကိုင်ဖန်တီးခြင်းကြောင့်ဟု နိုင်ငံရေးအတွေးပေါက်သူတိုင်း သိရှိသဘောပေါက်ကြသည် ။

တိုင်းပြည်ကို မငြိမ်မသက်ဖြစ်အောင် ဆူပူအကြမ်းဖက်နေသူများကိုအစိုးရက တကယ်မသိလို့ လား။ သိလျက်နဲ့ မသိချင်ယောင်ဆောင်နေတာလား။ မေးခွန်းထုတ်စရာတွေ ဖြစ်ခဲ့၏။

ထိုအခြေအနေများကြောင့် ဖွံ့စည်းပုံကိစ္စ ရှေ့တန်းရောက်မလာခဲ့။

ယခုတော့ ၂၀၁၅ နီးပြီ။

ဖွဲ့စည်းပုံကိစ္စ အရေးထားပြောဖို့ အချိန်ရောက်ပြီ ဒေါ်အောင်ဆန်းစုကြည်ကလည်း မပြောမဖြစ်ပြောရပြီ။

စစ်ရေးအမြင်ရှိသူသာ သမ္မတဖြစ်နိုင်သော အခွင့်အလမ်း၊ ဒီမိုကရေစီစနစ်အရ ရွေးချယ်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်က ၇၅ ရာခိုင်နှုန်း၊ ကျန် ၂၅ ရာခိုင်နှုန်းကို မဆီမဆိုင် စစ်တပ်က ဝင်ထိုင်နေတာမျိုး။ ဘာရာဇဝတ်မှုပဲ ကျူးလွန်စေ့ ကျူးလွန် အရပ်ဘက်တရားရုံးက အရေးယူပိုင်ခွင့်မရှိ၊ တပ်ပိုင်းဆိုင်ရာကိုပဲ လွှဲအပ်ရမည့်အချက်ကလည်း သဘာဝမကျ။ ပြည်ထဲရေး၊ ကာကွယ်ရေး၊ နယ်စပ်ရေးရာဝန်ကြီးဌာနများကို ကာကွယ်ရေး ဦးစီးချုပ်၏ လုပ်ပိုင်ခွင့်အောက်တွင် ရှိနေခြင်းကလည်း နည်းလမ်းမကျ။

စစ်အာဏာရှင်က ပြည်သူ့ဆန္ဒမပါဘဲ သူ့အကျိုးစီးပွား သူ့အာဏာ တည်မြဲရေးအတွက် အချိန်ယူ အကွက်ချရေးသားထားသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒီမိုကရေစီစနစ်နှင့် လုံးဝမကိုက်ညီ။

ဒီမိုကရေစီဟန်ပြ လူတစ်စုအကျိုးစီးပွားအတွက် ရေးဆွဲထားမှန်းသိသာလွန်းသဖြင့် ပြည်သူအများ စုက လက်မခံ။

ထို့ကြောင့် ပြည်သူ့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ‘ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်သူတွေနဲ့ တပ်မတော်ကြားမှာ စိတ်ဝမ်းကွဲအောင် ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံဥပဒေလို့ ကျွန်မ ပြောချင်ပါတယ်’

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းကိုပြောင်းရမည်။ မပြောင်း၍ မရ။ မပြောင်းဘဲ ရွေးကောက်ပွဲလုပ်လျှင် နိုင်ငံရေးပါတီများက ရွေးကော

က်ပွဲ မဝင်ဘဲ သပိတ်မှောက်နိုင်သည် ။

နိုင်ငံတကာကလည်း အကောင်းမြင် သဘောထားကနေ လုံးဝပြော င်းလဲသွားပြီး ယခင်လို ပိတ်ဆို့အရေးယူလာခဲ့သော်...

နိုင်ငံတကာ မီဒီယာတွေကလည်း ဝိုင်းရေးကြ၊ ပြောကြလျှင် မြန်မာ နိုင်ငံ၏ ကောင်းသောပုံရိပ်သည် ပြောင်းပြန်ဖြစ်သွားနိုင်သည် ။

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်များ တွင် အာဏာရပါတီ က အင်အားများ သဖြင့် စစ်တပ်နှင့်ပေါင်းပြီး သူတို့ စိတ်ကြိုက်လုပ်နိုင် သည် ။

သို့သော် မခံမရပ်နိုင်သော ပြည်သူတွေ၊ ရဟန်းသံဃာတွေ၊ တပ်မ တော်သားတွေ၊ ကျောင်းသားတွေ လမ်းပေါ်ထွက် ဆန္ဒပြလာခဲ့ကြသော် ...

တစ်စုံတစ်ရာကို စိုးရွံ့ပြီး ဖွဲ့စည်းပုံ မပြင်ချင်ကြသောပုဂ္ဂိုလ်များ ဘာလုပ်မည်နည်း။

စစ်တပ်ကို အာဏာပြန်သိမ်းခိုင်းမလား၊ စစ်တပ်ကလည်း ငယ်ကြောက် ဆရာသမားများ ၏ အမိန့်ကို မလွန်ဆန်ရဲဘဲ ပြည်သူတွေ ကို သတ်ဖြတ်ဖမ်းဆီးပြီး အကြမ်းဖက်နှိမ်နင်းဦးမလား။

နောက်ကြောင်းမပြန်ပါဘူးဟု တဖွဖွပြောခဲ့သော မိမိစကားကို မိမိပြန်ချေဖျက်မည်လား။

ထိုင်းနိုင်ငံသည် မလွှဲမရှောင်သာ ပြန်အာဏာသိမ်းခဲ့ရသည့် ၆ လအ တွင်း စီးပွားရေး ဦးစိုက်ဆင်းသွားသဖြင့် အရပ်သားအစိုးရကို အမြန်ဖွဲ့ စည်း အာဏာအပ်ခဲ့ရသည့် သာဓကရှိသည် ။

မြန်မာနိုင်ငံကို နောက်တစ်ကြိမ် ထပ်အာဏာသိမ်းရလျှင် ကမ္ဘာက

ကိုယ်နှင့်မဆိုင်သလို ကြည့်နေမည်မဟုတ်။ နည်းမျိုးစုံနှင့်တုံ့ပြန်ကြလိမ့်မည်။

ထိုအခါ မိမိအားကိုးရာ တရုတ်ကြီးကို အဖော်ပြုရပြီး မိမိနိုင်ငံ၏ အချုပ်အခြာအာဏာကို မထီမဲ့မြင်ပြုကာ အာဇာနည်နေ့ကို ဗုံးလာခွဲသော မြောက်ကိုရီးယားနှင့် ပြန်လက်တွဲရသော်...

တိုင်းပြည်သည် မည်သည့်အခြေအနေသို့ ဆိုက်ရောက်သွားမည်နည်း။

ထိုအချိန်မျိုးကို အခွင့်ကောင်းယူပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းပေါင်းစုံက မဟာမိတ်ပြုကာ စစ်ထိုးလာခဲ့သော်...

တိုင်းပြည် မီးဟုန်းဟုန်းမတောက်လော။

ထိုအခါ အလွန်ချမ်းသာကြွယ်ဝနေကြသော မီလီယံနာ၊ ဘီလီယံနာများ ၊ ဇိမ်ခံကားစီးပြီး လေညင်းခံ၊ ဘုရားဖူးထွက်၊ ဈေးဝယ်ထွက်နိုင်ပါ့မလား။ ဆရာသမားတို့ မိသားစု အေးအေးလူလူ ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်ပါ့မလား။

စဉ်းစားချင့်ချိန်စရာတွေ များ ၏။

ကျွန်တော်တို့ ပြည်သူများကလည်း စားရမဲ့၊ သောက်ရမဲ့ ဒုက္ခဆင်းရဲရောက်ကြရလိမ့်မည်။

ထို ၈၈ အရေးအခင်းကာလတွင် ပြည်သူတွေ ကျီးလန့်စာစားဘဝဖြင့် အထိတ်တလန့်နေခဲ့ကြရ၏။ ဒုက္ခများ စွာ တွေ့ကြုံခံစားခဲ့ကြရ၏။ ၈၈ အိပ်မက်ဆိုးကို နောက်တစ်ကြိမ် ထပ်မမက်ချင်တော့ပါ။

ယခု ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်တစ်ဆုပ်စာ လူတစ်စုကလွဲ၍ ပြည်သူအများ စုနှင့် တိုင်းရင်းသားပေါင်းစုံက မကြိုက်ပါ၊ လ

က်မခံပါ။

မျှတမှုမရှိပါ၊ တစ်ဖက်သားအနိုင်ကျင့် ရေးဆွဲထားမှန်းသိသဖြင့် ပြင်ဖို့ တောင် အားမရ၊ အသစ်ပြန်ရေးဆွဲချင်ကြသည် ။

အားလုံးက မကျေမနပ် ဝိုင်းဝန်းကန့်ကွက် ဆန္ဒပြနေသည့်ကြားမှ အာဏာရလူတစ်စုက ပြည်သူ့မျက်နှာမကြည့်ဘဲ ယခင်လိုပဲ ကိုယ်လုပ်ချင်တာ ဇွတ်လုပ်ခဲ့သော်...

ယခင်အမှားမျိုး ပြန်ကျူးလွန်ပြီး နိုင်ငံနှင့် ပြည်သူကို မီးလောင်တိုက်သွင်းရာရောက်လိမ့်မည်။

ထိုအခါ ၈၈ အိပ်မက်ဆိုး ပြန်မက်ရမှာ ကြောက်ပါသည် ။

နိုင်ငံကို ဦးဆောင်နေကြသူများအားလုံး ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင်နှင့် ဆွေးနွေးအဖြေရှာ ဆောင်ရွက်ကြပါရန် ပြည်သူများကိုယ်စား ပြည်သူတစ်ယောက်အနေဖြင့် မေတ္တာရပ်ခံအပ်ပါသည် ။

***